
Goddess
အချစ်လေပြည်တိုးဝင်လာခဲ့သော
စာစဉ် - ၇
(စာမြည်း)

# အခန်း ၁

## အဲဒီနေ့က ကျေးဇူးတင်ပါတယ် (1)

ချင်းကျီအိုက် နှလုံးခုန် ရပ်တော့မလို ဖြစ်သွား၏။

ဒီအခြေအနေကို သူမ တုံ့ပြန်နိုင်စွမ်းမရှိပဲ တောင့်ကာ ရပ်နေမိသည် …. သူမ ခြေလှမ်းတွေကို နောက်ဆုတ်လိုက်မိပြီး ဂူယူရှန်းကို ကြည့်လိုက်မိ၏ …

သူ့ပုခုံးမှာ ဓားဒဏ်ရာ အကြီးကြီးက နေရာယူထားကာ သွေးတွေထွက်နေတာကြောင့် ခဏလေးအတွင်း အင်္ကျီအဖြူက အနီဖြစ်နေလေပြီ ….

ခုနက ကြမ်းပြင်ပေါ်မှာ လဲနေခဲ့သည့် အင်္ကျီအမည်းနဲ့ လူက ဓားတစ်ချောင်း ကောက်ယူ လာပြီး ဂူယူရှန်းကို ထိခိုက်စေခဲ့ခြင်း။

သွေးစွန်းနေသည့် အဖြစ်အပျက်တို့ က အက်ရှင် ဇာတ်ကား တွေထဲကလို ကြောက်လန့်ဖို့ ကောင်းသဖြင့် ချင်းကျီအိုက် တုန်လှုပ်နေမိသည် …

အင်္ကျီအမည်းနဲ့ လူက ဓားကို လက်ထဲကိုင်ကာ ဂူယူရှန်းကို ထပ်ထိုးဖို့ ပြင်လာပြန်ချိန် သူအမြန်ရှောင် နိုင်ခဲ့ပေမဲ့ ဒဏ်ရာရထားတဲ့ လူအနေနဲ့ ဒါက အန္တရာယ်များ တဲ့ ရှောင်တိမ်းမှု တစ်ခုပင် မဟုတ်ပါလား။

ချင်းကျီအိုက် နှလုံးအိမ်တစ်ခုလုံး တုန်ခါနေပြီး ....

နှလုံးက သူမလည်ချောင်းထဲပင် ထွက်လာတော့မလို ....။ ခြေထောက်တွေက ဆက်ရပ်နေဖို့ အားပင်မရှိပဲ ပျော့ခွေချင်နေသည် .... ဒါကြောင့် သူမ အမှီတစ်ခုခု ရှိနေဖို့ လိုတာကြောင့် ဘေးပတ်ဝန်းကျင်ကို ကြည့်ကာ နံရံဆီ ရွှေ့သွားလိုက်သည် ...

ဂူယူရှန်းသည် ဓားထိသွားခဲ့ပေမဲ့ သူ့ပုံစံက နာကျင်မနေပဲ သွက်လက်မှုတွေ ပြည့်နေဆဲ ....

သူတို့ မိနစ်ပိုင်းခန့် တိုက်ခိုက်နေကြပြီးတဲ့ နောက် ...

ဂူယူရှန်း သူ့ကို ကန်ပစ်လိုက်သဖြင့် အခန်းထဲ ကျယ်ကျယ်လောင်လောင် အသံ ထွက်လာတော့သည် .... အင်္ကျီအမည်းနဲ့ လူရဲ့ လက်ထဲက ဓားကလည်း ကြမ်းပေါ် ပြုတ်ကျသွားပြီး ထိုလူ လုံးဝ မလှုပ်ရှားနိုင်တော့။

ဓားကို နောက်ထပ်လူတွေ ထပ်ကောက်လာမှာ စိုးတာကြောင့် ဓားကို ကောက်လိုက်ပြီး အဝေးတစ်နေရာကို လွှင့်ပစ်လိုက်တဲ့ ဂူယူရှန်းက ကြမ်းပြင်ပေါ်မှာ ကျနေတဲ့ သူ့အင်္ကျီကို ကောက်ယူကာ ချင်းကျီအိုက်ဆီ လျှောက်လာတော့သည် ....

အရမ်းကြောက်နေသည့် ချင်းကျီအိုက် ခမျာ ဂူယူရှန်း သူမရှေ့ ရောက်နေတာကိုပင် မသိပဲ တစ်နေရာကိုသာ စူးစိုက် ကြည့်နေမိသည် ။

ဂူယူရှန်းက သူမမျက်လုံးရှေ့ လက်တွေ ခါရမ်းပြပေမဲ့ မမြင်နိုင်တာကြောင့် ဂူယူရှန်းလည်း သူမလက်ကောက်ဝတ်ကို ဆွဲကိုင်ကာ အပြင်ကို ခေါ်ထုတ် သွားလိုက်တော့သည် ....

သူတို့ ကားပေါ် ရောက်သည် အထိ ချင်းကျီအိုက်သည် ေးကြောင်

နေတုန်း .... ခဏအကြာ ကားမောင်းသူ နေရာမှာ ရှိနေသည့် ဂူယူရှန်းသည် မနာပင် မနာလေဟန် တည်တည်ငြိမ်ငြိမ်ဖြင့် ကားစထွက် လာတော့သည် ...

"ရှင့်ရဲ့ ..."

သူမစကားပြောတဲ့ အချိန် တုန်နေတဲ့ အသံကို သူမကိုယ်တိုင်ပင် သတိထားမိသည် ... သက်ပြင်းရှိုက်လိုက်ရင်း စိတ်ကိုငြိမ်အောင် ထားကာ စကားဆက် လိုက်သည်။

"ဒဏ်ရာ"

ဂူယူရှန်း သူမကို ဖြည်းဖြည်းချင်း လှမ်းကြည့်ပြီး ဘာမှ ပြန်ပြောပဲ ကားမောင်းတာကိုပဲ ပြန်အာရုံစိုက်သည် ... လမ်းမထက် အရှိန်မြှင့်ပြီး အိမ်ကိုသာ ဦးတည် လိုက်တော့သည် ...

၁၀မိနစ်လောက် မောင်းလာ အပြီးမှာ တော့ ဆေးရုံကို တွေ့လိုက်တာကြောင့် ချင်းကျီအိုက် အလောတကြီး လှမ်းအော်သည်။

"ဆေးရုံ"

ဂူယူရှန်းကတော့ ကားရပ်ဖို့ မပြောနှင့် အရှိန်ပင်မလျှော့ ...

ဒီလိုနဲ့ နောက်ကြည့်မှန်က နေတောင် ဆေးရုံက ပျောက်သွား ခဲ့တော့သည် ...

သူတို့ မီးပွိုင့်မိနေတုန်း ဂူယူရှန်းက သူ့ဘောင်းဘီ အိတ်ထဲက စီးကရက်ကို ထုတ်လိုက်ပြီး သွားနဲ့ ကိုက်ထားကာ မီးခြစ်ကို ရှာသည် ... မတွေ့ ...။ လက်ဖက်ရည်ဆိုင်မှာ ကျကျန်ခဲ့ပုံပင်။ ဒါကြောင့် ကားက အံဆွဲလေးထဲကနေ နောက်အသစ်တစ်ခု ထုတ်ယူလိုက်စဉ် မီးပွိုင့်က စိမ်းသွားခဲ့သဖြင့် လက်တစ်ဖက်ဖြင့်သာ စတီယာတိုင်ကို ကိုင်လိုက်ပြီး တစ်

ဖက်က မီးခြစ်ထုတ် နေလိုက်သည် ။

***